# မန္တလေးတိုင်းဒေသကြီး ဓာတ်ရုံဆိုင်ရာ နည်းဥပဒေ

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | အခန်း(၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | - |
| ၂ | အခန်း(၂) | လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း | ၁ | ၄ |
| ၃ | အခန်း(၃) | လိုင်စင်သက်တမ်း၊ လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်း သက်တမ်းတိုးမြှင့်ခသတ်မှတ်ခြင်း | ၄ | ၆ |
| ၄ | အခန်း(၄) | ဓာတ်ရုံလိုင်စင်နှင့် ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခြင်း လုပ်ငန်းလိုင်စင်ရရှိသူများ လိုက်နာရမည့် စည်းကမ်းချက်များ | ၆ | ၇ |
| ၅ | အခန်း(၅) | အယူခံခြင်း | ၇ | ၈ |
| ၆ | အခန်း(၆) | ဘဏ္ဍာရေး | ၈ | - |
| ၇ | အခန်း(၇) | အထွေထွေ | ၈ | ၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၅**

**၁၃၇၇ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်**

**(၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ဓာတ်ရုံဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **မန္တလေးတိုင်းဒေသကြီး ဓာတ်ရုံဆိုင်ရာ နည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မန္တလေးတိုင်းဒေသကြီး ဓာတ်ရုံဆိုင်ရာ ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ဓာတ်ရုံဆိုင်ရာဥပဒေကို ဆိုသည်။

(ခ) **ဌာန** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနကို ဆိုသည်။

(ဂ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့်ပုံစံကို ဆိုသည်။

**အခန်း (၂)**

**လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း**

၃။ တိုင်းဒေသကြီးအတွင်း စီးပွားရေးအလို့ငှာ ဓာတ်ရုံတည်ထောင်လုပ်ကိုင်လိုသူသည် ဓာတ်ရုံလိုင်စင်ရရှိရန် ပုံစံ (ဓာတ်ရုံ - ၁)တွင်လည်းကောင်း၊ ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင် ရရှိရန် ပုံစံ (ဓာတ်ရုံ - ၂) တွင်လည်းကောင်း အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီးလိုအပ်သည့် အထောက်အထား စာရွက်စာတမ်းများပူးတွဲ၍ သက်ဆိုင်ရာ ဌာနသို့ လျှောက်ထားရမည်။

၄။ သက်ဆိုင်ရာဌာနသည် ဇာတ်ရုံလိုင်စင်လျှောက်လွှာပုံစံ (ဇာတ်ရုံ-၁)နှင့် ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်လျှောက်လွှာပုံစံ (ဇာတ်ရုံ-၂)တို့ကို လက်ခံရရှိသည့်အခါ လျှောက်လွှာပါ အချက်အလက်များကိုစိစစ်ပြီး အထောက်အထား စာရွက်စာတမ်း အချက် အလက်များ ပြည့်စုံမှန်ကန်မှုရှိပါက ဇာတ်ရုံလိုင်စင်အတွက် ပုံစံ (ဇာတ်ရုံ - ၃) ဖြင့်လည်းကောင်း ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင်အတွက် ပုံစံ (ဇာတ်ရုံ - ၄)ဖြင့်လည်းကောင်း ကော်မတီသို့ ဆက်လက်တင်ပြရမည်။

၅။ ဦးစီးဌာနမှူးသည် ဇာတ်ရုံလိုင်စင်လျှောက်လွှာနှင့် စပ်လျဉ်း၍ အောက်ပါအချက်အလက်များကို အခြေခံ၍စိစစ်ရမည် -

(က) ဇာတ်ရုံတည်ရှိရာနေရာသည် ပတ်ဝန်းကျင်နေရာဒေသနှင့် သင့်လျော်ခြင်းရှိ/ မရှိ။

(ခ) ဇာတ်ရုံအဆောက်အအုံ၏ အမျိုးအစားနှင့် အကျယ်အဝန်းသည် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သင့်လျော်သည့် အနေအထား ရှိ/မရှိ။

(ဂ) ဇာတ်ရုံသည် သေသပ်ခိုင်ခန့်ခြင်း ရှိ/မရှိ။

(ဃ) ဇာတ်ရုံသည် သန့်ရှင်းသပ်ရပ်မှုနှင့် အခင်းအကျင်းကောင်းမွန်ခြင်း ရှိ/ မရှိ။

(င) အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ရုံပြင်ပသို့ အလွယ်တကူ ထွက်နိုင်သည့် အခြေအနေ ရှိ/မရှိ။

(စ) ဇာတ်ရုံတွင်တပ်ဆင်ထားရမည့် စက်ပစ္စည်းကိရိယာများ၊ လျှပ်စစ်သွယ်တန်းမှုစနစ်များ၏ အခြေအနေသင့်လျော်ကောင်းမွန်ခြင်း ရှိ/ မရှိ။

၆။ ဦးစီးဌာနမှူးသည် ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင် လျှောက်လွှာနှင့် စပ်လျဉ်း၍ အောက်ပါအချက်အလက်များကို အခြေခံ၍စိစစ်ရမည် -

(က) လိုင်စင်လျှောက်ထားသူသည် နိုင်ငံသားဟုတ်/မဟုတ်၊

(ခ) လိုင်စင်လျှောက်ထားသူ၏ လုပ်ငန်းအဖွဲ့တွင် ကျွမ်းကျင်သည့် ဝန်ထမ်း(၁)ဦးမှ ဦးဆောင်ခြင်း ရှိ /မရှိ၊

(ဂ) ယာယီဇာတ်ရုံ၊ ဇာတ်ခုံနှင့်စပ်လျဉ်း၍ တာဝန်ယူကြောင်း လိုင်စင်လျှောက်ထားသူ၏ ဝန်ခံ ကတိပါရှိခြင်း ရှိ /မရှိ။

၇။ ဦးစီးဌာနမှူးသည် ဓာတ်ရုံလိုင်စင်လျှောက်လွှာပါ ဓာတ်ရုံနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသရှိ အောက်ဖော်ပြပါ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက် ပြည့်စုံစွာပါရှိခြင်း ရှိ မရှိ စိစစ် ရမည် -

(က) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ခ) မြို့နယ်စည်ပင်သာယာကော်မတီ၊

(ဂ) မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊

(ဃ) မြို့နယ်မီးသတ်ဦးစီးဌာန၊

(င) မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးရုံး၊

(စ) တိုင်းဒေသကြီး သို့မဟုတ် မြို့နယ်သဘင်အစည်းအရုံး။

၈။ ဦးစီးဌာနမှူးသည် ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင် လျှောက်လွှာနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသရှိ အောက်ဖော်ပြပါ အစိုးရဌာနနှင့်အဖွဲ့အစည်း၏ သဘောထား မှတ်ချက် ပြည့်စုံစွာ ပါရှိခြင်း ရှိ မရှိ စိစစ်ရမည် -

(က) မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် မြို့နယ်သဘင်အစည်းအရုံး။

၉။ ကော်မတီသည် နည်းဥပဒေ (၄)အရ တင်ပြလာသော ဓာတ်ရုံလိုင်စင်၊ ယာယီဓာတ်ရုံဓာတ်ခုံ ဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်လျှောက်လွှာနှင့် ဦးစီးဌာနမှူး၏ သဘောထားမှတ်ချက်များကို စိစစ်ပြီး ဝန်ကြီး၏သဘောတူညီချက်ဖြင့်-

(က) လိုင်စင်ထုတ်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ရမည်။

(ခ) ဆုံးဖြတ်ချက်အရ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း သက်ဆိုင်ရာလျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

(ဂ) လိုအပ်ပါက ပြန်လည်ပြုပြင်ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၁၀။ ဦးစီးဌာနမှူးသည် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က) အရ ဓာတ်ရုံလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်းခံရသူနှင့် ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း

ခံရသူများက သတ်မှတ်ထားသောလိုင်စင်ခများကို သက်ဆိုင်ရာဌာနသို့ ပေးသွင်းလျှင် ဓာတ်ရုံ လိုင်စင်ကို ပုံစံ (ဓာတ်ရုံ-၅) ဖြင့် လည်းကောင်း၊ ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်း လိုင်စင်ကို ပုံစံ (ဓာတ်ရုံ-၆) ဖြင့် လည်းကောင်း ထုတ်ပေးရမည်။

## အခန်း (၃)

## လိုင်စင်သက်တမ်း၊ လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခသတ်မှတ်ခြင်း

၁၁။ ဓာတ်ရုံလိုင်စင်သက်တမ်းသည် အဆိုပါလိုင်စင်ထုတ်ပေးသည့်နေ့မှစ၍ (၁)နှစ် ဖြစ်သည်။

၁၂။ ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်း လိုင်စင်သက်တမ်းသည် အဆိုပါလိုင်စင် ထုတ်ပေးသည့်နေ့မှစ၍ (၁)နှစ် ဖြစ်သည်။

၁၃။ လိုင်စင်ရရှိသူများသည် မိမိ၏လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုလျှင် ဓာတ်ရုံလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ပုံစံ (ဓာတ်ရုံ-၇) ဖြင့်လည်းကောင်း၊ ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ပုံစံ (ဓာတ်ရုံ-၈) ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာဌာနသို့ လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်လျှောက်ထားရမည်။

၁၄။ ဦးစီးဌာနမှူးသည် -

(က) ဓာတ်ရုံလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန်နှင့် ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်း လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာများတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ပူးတွဲတင်ပြရမည့် အထောက်အထား စာရွက်စာတမ်းများ မှန်ကန် ပြည့်စုံခြင်းရှိ/မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် ဓာတ်ရုံအား ထပ်မံကြည့်ရှု စစ်ဆေးနိုင်သည်။

(ဂ) ဓာတ်ရုံလိုင်စင်နှင့် ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင် သက် တမ်း တိုးမြှင့်ပေးရန် လျှောက်လွှာများအား သက်ဆိုင်ရာလိုင်စင်များအလိုက် သက် တမ်းတိုးမြှင့်ပေးသင့်ကြောင်း သို့မဟုတ် ငြင်းပယ်သင့်ကြောင်း သဘောထား မှတ်ချက်နှင့်အတူ ကော်မတီသို့ တင်ပြရမည်။

၁၅။ ဦးစီးဌာနမှူးသည် ဇာတ်ရုံလိုင်စင်အတွက် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါ ဇာတ်ရုံနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဒေသရှိ အောက်ဖော်ပြပါအစိုးရဌာနနှင့် အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက် ပါရှိခြင်း ရှိ/မရှိ စိစစ်ရမည် -

(က) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ခ) သက်ဆိုင်ရာမြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝင်ငွေခွန်စည်းကြပ်ပြီးကြောင်း အထောက်အထား၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် မြို့နယ်သဘင်အစည်းအရုံး၊

(ဃ) လုပ်ငန်းသုံးပစ္စည်း (စက်ပစ္စည်း) အပါအဝင် ပြောင်းလဲမှုရှိပါက အသစ်ပြုလုပ်ထားသော လုပ်ငန်းသုံးစာရင်း။

၁၆။ ဦးစီးဌာနမှူးသည် ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် အကြောင်းအရာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသရှိ အောက်ဖော်ပြပါ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်ပါရှိခြင်း ရှိ/မရှိစိစစ်ရမည် -

(က) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် မြို့နယ်သဘင်အစည်းအရုံး။

၁၇။ ကော်မတီသည် နည်းဥပဒေ ၁၄ အရ ဇာတ်ရုံလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန်နှင့် ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လုပ်ငန်းလိုင်စင် လျှောက်လွှာနှင့် ဦးစီးဌာနမှူး၏သဘောထားမှတ်ချက်ကိုစိစစ်ပြီး ဝန်ကြီး၏ သဘောတူညီချက်ဖြင့်-

(က) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ရမည်။

(ခ) ဆုံးဖြတ်ချက်အရ လိုင်စင်သက်တမ်းတိုးမြှင်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း သက်ဆိုင်ရာလျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

(ဂ) လိုအပ်ပါက ပြန်လည်တင်ပြဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၁၈။ ဦးစီးဌာနမှူးသည် ဓာတ်ရုံလိုင်စင်နှင့် ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုချက်ရရှိသူထံမှ သက်တမ်းတိုးမြှင့်ခများ လက်ခံရရှိလျှင် ဓာတ်ရုံလိုင်စင်ပုံစံ (ဓာတ်ရုံ-၃) ကိုလည်းကောင်း၊ ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်ပုံစံ (ဓာတ်ရုံ-၄) ကိုလည်းကောင်း ထုတ်ပေးရမည်။

၁၉။ စီးပွားရေးအလို့ငှာ ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင် ရယူလိုသူများနှင့် အမြဲတမ်း ဓာတ်ရုံ၊ ဓာတ်ခုံတည်ထောင်လုပ်ကိုင်လိုသူများသည် သက်ဆိုင်ရာဓာတ်ရုံလိုင်စင်နှင့် လုပ်ငန်းလိုင်စင်ရရှိပြီးမှသာ မိမိလုပ်ငန်းကို စတင်လုပ်ကိုင်ခွင့်ရှိသည်။

၂၀။ ကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ဓာတ်ရုံလိုင်စင် သက်တမ်း၊ လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခများကို သတ်မှတ် ကောက်ခံနိုင်သည်။

၂၁။ ရက်လွန်ကြေးကောက်ခံရာတွင် လ၏အစိတ်အပိုင်းကို တစ်လဟု သတ်မှတ်ရမည်။

၂၂။ ကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ယာယီဓာတ်ရုံ၊ ဓာတ်ခုံတည်ဆောက်ခြင်းနှင့် လုပ်ငန်းလိုင်စင်သက်တမ်း၊ လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခများကို သတ်မှတ် ကောက်ခံနိုင်သည်။

## အခန်း (၄)

## ဓာတ်ရုံလိုင်စင်နှင့် ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခြင်း လုပ်ငန်းလိုင်စင်ရရှိသူများ လိုက်နာရမည့် စည်းကမ်းချက်များ

၂၃။ ဓာတ်ရုံလိုင်စင်နှင့် ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခြင်း လုပ်ငန်းလိုင်စင်ရရှိသူသည် အောက်ဖော်ပြပါတစ်ရပ်ရပ်တွင် အကျုံးဝင်သောပြုလုပ်မှုတို့ကို ဆောင်ရွက်ခြင်းမပြုရ -

(က) တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုးကိုလည်းကောင်း၊ အခြားဘာသာ သာသနာကို လည်းကောင်း၊ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများ၊

(ခ) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ လူမှုအကြမ်းဖက်မှုများဖြစ်ပွားစေရန်သော်လည်းကောင်း လှုံ့ဆော်ခြင်း၊

(ဂ) မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေမည့် အမူအကျင့်များကို ဖော်ပြခြင်း၊

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာပြစ်မှု ကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အပြောအဆိုများပါဝင်ခြင်း။

၂၄။ ဇာတ်ရုံလိုင်စင်နှင့် ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

၂၅။ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်လာပါ က လိုင်စင်ပျက်ပြယ်သည် -

(က) လိုင်စင်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) လိုင်စင်ရုပ်သိမ်းခံရခြင်း၊

(ဂ) လိုင်စင်ရရှိသူက လိုင်စင်ပြန်လည်အပ်နှံခြင်း၊

(ဃ) လိုင်စင်ရရှိသူက ပယ်ဖျက်ခွင့်တောင်းခံခြင်း၊

(င) လိုင်စင်ရရှိသူသေဆုံးခြင်း၊

## အခန်း (၅)

## အယူခံခြင်း

၂၆။ ကော်မတီ၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် မိမိကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်မည့်နေ့ရက်မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၂၇။ အယူခံလွှာကို သက်ဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်မိတ္တူနှင့်အတူ ဝန်ကြီးထံသို့ တင်သွင်းရမည်။ စာတိုက်မှတစ်ဆင့် မှတ်ပုံတင်၍ပေးပို့ခြင်းဖြစ်လျှင် ယင်းသို့မှတ်ပုံတင်သည့်နေ့ကို အယူခံတင်သွင်းသည့်နေ့အဖြစ် သတ်မှတ်ရမည်။

၂၈။ ဝန်ကြီးသည် အယူခံလွှာလက်ခံရရှိသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကော်မတီ၏အမိန့်ကိုဖြစ်စေ၊ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း၊

(ခ) လိုအပ်ပါက ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်း၊

(ဂ) ဆုံးဖြတ်ချက်ကို အယူခံသူထံ စာဖြင့်အကြောင်းကြားခြင်း။

၂၉။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၀။ အယူခံတွင် ကော်မတီ၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပယ်ဖျက်သဖြင့် လိုင်စင် ပြန်လည်ရရှိသူသည် ကော်မတီသို့ လိုင်စင်ထုတ်ပေးရန် လျှောက်ထားနိုင်သည်။

## အခန်း (၆)

## ဘဏ္ဍာရေး

၃၁။ ကော်မတီသည် ရငွေ၊ သုံးငွေဆိုင်ရာ ငွေစာရင်းများထားရှိခြင်းတို့ကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၂။ ကော်မတီသည် ရငွေ၊ သုံးငွေဆိုင်ရာ ငွေစာရင်းများနှင့် ပစ္စည်းစာရင်းတို့ကို အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသည့် စာရင်းစစ်အဖွဲ့၏စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၇)

## အထွေထွေ

၃၃။ ကော်မတီသည် ဤနည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိ လက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၄။ ဤဥပဒေမတိုင်မီ ဓာတ်ရုံဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ဆက်လက် လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း (၉၀)အတွင်း လိုအပ်သော လိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဌာနသို့ လျှောက်ထားရမည်။

၃၅။ ဤဥပဒေအာဏာမတည်မီက ဓာတ်ရုံလုပ်ငန်းများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက် များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံး ဆောင်ရွက် နိုင်သည်။

၃၆။ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ခံရသူသည် မိမိလက်ဝယ်ရှိသော ဓာတ်ရုံဆိုင်ရာလုပ်ငန်းနှင့် စပ်လျဉ်း၍ ကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ပုံ) ရဲမြင့်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပုံစံ (ဇာတ်ရုံ-၁)

**ဇာတ်ရုံလိုင်စင်လျှောက်လွှာ**

**(နည်းဥပဒေ - ၃)**

သို့

ဒုတိယညွှန်ကြားရေးမှူး

တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ၊ ရက်

အကြောင်းအရာ။ **ဇာတ်ရုံလိုင်စင်လျှောက်ထားခြင်း။**

လေးစားစွာလျှောက်ထားအပ်ပါသည်။

၁။ ကျွန်တော်/ကျွန်မ ဦး/ဒေါ် -------------------------------- သည် ------------------------------ ဇာတ်ရုံအမည်ဖြင့် ဇာတ်ရုံလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဇာတ်ရုံလိုင်စင်ရရှိရန် လျှောက်ထား အပ်ပါသည်။

၂။ လိုအပ်သောအချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) လျှောက်ထားသူအမည် -----------------------------------------------

(ခ) အမျိုးသားမှတ်ပုံတင်အမှတ် -----------------------------------------------

(နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်)

(ဂ) မွေးသက္ကရာဇ် -----------------------------------------------

(ဃ) အဖအမည် -----------------------------------------------

အမျိုးသားမှတ်ပုံတင်အမှတ်/

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -----------------------------------------------

(င) အမိအမည် -----------------------------------------------

အမျိုးသားမှတ်ပုံတင်အမှတ်/

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

(စ) နေရပ်လိပ်စာ ----------------------------------------

----------------------------------------

(ဆ) ဓာတ်ရုံ၏လိပ်စာ ----------------------------------------

----------------------------------------

(ဇ) ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ် ----------------------------------------

(ဈ) ဓာတ်ရုံနှင့် တပ်ဆင်ပစ္စည်းများပိုင်ဆိုင်

မှုသည်တစ်ဦးတည်းပိုင်သို့မဟုတ် ခွဲဝေ ----------------------------------------

ပိုင်ဆိုင်မှုအမည်များ ----------------------------------------

(ည) လုပ်ငန်းအတွက်တာဝန်ခံဆက်သွယ် ----------------------------------------

မည့်သူနှင့်၎င်း၏တာဝန်အဆင့် ----------------------------------------

၃။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ကော်မတီကအခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

ထိုးမြဲလက်မှတ် --------------------------

လျှောက်ထားသူအမည် --------------------

ပူးတွဲတင်ပြသောစာရွက်စာတမ်းများ

(၁) ဓာတ်ရုံ၏အနေအထားပြပုံစံကြမ်း

(၂) လုပ်ငန်းသုံးပစ္စည်း (စက်ပစ္စည်းအပါအဝင်)များစာရင်း

(၃) လုပ်ငန်းသုံးပစ္စည်းများအတွက်တရားဝင်လွှဲပြောင်းလက်ခံရယူထားကြောင်း အထောက်အထားမိတ္တူများ

(၄) ဝန်ထမ်းအင်အားစာရင်း

ပုံစံ (ဇာတ်ရုံ-၂)

# ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင်လျှောက်လွှာ

(နည်းဥပဒေ - ၃)

သို့

ဒုတိယညွှန်ကြားရေးမှူး

တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ၊ ရက်

အကြောင်းအရာ။ **ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်း လိုင်စင် လျှောက်ထားခြင်း။**

လေးစားစွာလျှောက်ထားအပ်ပါသည်။

၁။ ကျွန်တော်/ကျွန်မ ဦး/ဒေါ် ------------------------------- အား မန္တလေးတိုင်းဒေသကြီးအတွင်း ယာယီဇာတ်ရုံ၊ ဇာတ်ခုံလုပ်ငန်းများကို ဆောင်ရွက်လိုပါသဖြင့် ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၂။ လိုအပ်သောအချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) လျှောက်ထားသူအမည် -------------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -------------------------------------------

(ဂ) မွေးသက္ကရာဇ် -------------------------------------------

(ဃ) အဖအမည် -------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -------------------------------------------

(င) အမိအမည် -------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -------------------------------------------

(စ) နေရပ်လိပ်စာ -------------------------------------------
-------------------------------------------

(ဆ) ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ် -------------------------------------------

၃။ ကျွန်တော်/ကျွန်မ ဦး/ဒေါ် -------------------------------- သည် တာဝန်ယူဆောက်လုပ်ခွင့်ရသည့် ယာယီဇာတ်ရုံ၊ ဇာတ်ခုံနှင့်စပ်လျဉ်း၍ တာဝန်ယူပါကြောင်း ဝန်ခံကတိပြုပါသည်။

၄။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

ထိုးမြဲလက်မှတ် --------------------------

လျှောက်ထားသူအမည် --------------------

ပူးတွဲတင်ပြသောစာရွက်စာတမ်းများ

(၁) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး

(၃) တိုင်းဒေသကြီး သို့မဟုတ် မြို့နယ်သဘင်အစည်းအရုံး

ပုံစံ (ဇာတ်ရုံ-၃)

**ဇာတ်ရုံလိုင်စင်လျှောက်ထားခြင်းတင်ပြစာ**

**(နည်းဥပဒေ - ၄)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန**

**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

သို့

ဥက္ကဋ္ဌ

တိုင်းဒေသကြီးဇာတ်ရုံဆိုင်ရာ စိစစ်ကြီးကြပ်ရေးကော်မတီ

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ၊ ရက်

အကြောင်းအရာ။ ဇာတ်ရုံလုပ်ငန်းအတွက် ဇာတ်ရုံလိုင်စင်လျှောက်ထားခြင်းကို စိစစ်တင်ပြခြင်း

မန္တလေးတိုင်းဒေသကြီး၊ -------------------- ခရိုင်၊ ---------------- မြို့နယ် --------------------- လမ်း၊ အမှတ် -------------------------- နေ ဦး/ဒေါ် ------------------------၏ ဇာတ်ရုံလုပ်ငန်းအတွက်ဇာတ်ရုံလိုင်စင်လျှောက်ထားခြင်းကို အောက်ပါအတိုင်းစိစစ်တင်ပြပါသည်-

၁။ ဇာတ်ရုံအမည် ----------------------------------------

၂။ ဇာတ်ရုံတည်နေရာလိပ်စာ ----------------------------------------

၃။ ဇာတ်ရုံပိုင်ရှင်အမည် ----------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

၄။ ဇာတ်ရုံမန်နေဂျာအမည် ----------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

၅။ ဓာတ်ရုံခိုင်ခံ့မှုအခြေအနေ (မလိုသည်ကိုပယ်ဖျက်ပါ)

(က) ပွဲကြည့်စင်နှစ်ထပ်/တစ်ထပ်ဖြစ်သည်။

(ခ) ကောင်းမွန်၍သေသပ်ခိုင်ခံ့သည့် အဆောက်အအုံဖြစ်သည်/ ယာယီအဆောက်အအုံဖြစ်သည်။

၆။ ဓာတ်ရုံအမိုးအကာနှင့် အကျယ်အဝန်း (မလိုသည်ကိုပယ်ဖျက်ပါ)

(က) အမိုး ကျောက်ပြား/သွပ်/သစ်သားပြား/ဖက်/ဓနိ၊

(ခ) အကာ အုတ်/ပျဉ်/သွပ်/ဝါး/ဝါးထရံ/ကျူထရံ၊

(ဂ) တိုင် ကွန်ကရစ်တိုင်/ကျွန်း/ပျဉ်းကတိုး/-------ပတ်လည် တိုင်/မျောတိုင်/ဝါးဓနိ၊

(ဃ) အလျား ------ ပေ x အနံ ------ ပေ x အမြင့် ------- ပေ။

၇။ ဓာတ်ရုံတွင် ကြည့်ရှုနိုင်သည့်ဦးရေ -

(က) ---------------------- ကျပ်တန်း၊ ------------------- ခုံ၊

(ခ) ---------------------- ကျပ်တန်း၊ ------------------- ခုံ၊

(ဂ) ---------------------- ကျပ်တန်း၊ ------------------- ခုံ၊

(ဃ) ---------------------- ကျပ်တန်း၊ ------------------- ခုံ၊

(င) ---------------------- ကျပ်တန်း၊ ------------------- ခုံ၊

(စ) စုစုပေါင်းခုံအရေအတွက် ----------------------၊

၈။ အရေးပေါ်ပါက လျင်မြန်စွာအလွယ်တကူ ထွက်နိုင်သည့် ထွက်ပေါက် အခြေအနေ -

(က) ဝင်ခနှုန်းထား အတန်းတစ်ခုနှင့် တစ်ခုအကြား၌ ပိတ်ခြင်း၊ တားခြင်း မရှိပါ။

(ခ) ထွက်ပေါက်များကို အလွယ်တကူ ဖွင့်လှစ်နိုင်ခြင်းရှိသည်၊

(ဂ) ထွက်ပေါက်အရေတွက်-

(၁) စာဖြင့် --------- ပေ x အကျယ် ---------------- ပေရှိ ထွက်ပေါက် ------------- ပေါက်

(၂) စာဖြင့် --------- ပေ _ အကျယ် --------------- ပေရှိ ထွက်ပေါက် -------------- ပေါက်

စုစုပေါင်းထွက်ပေါက် ------------------- ပေါက်၊

၉။ ဇာတ်ရုံတွင် တပ်ဆင်ထားသည့် စက်ပစ္စည်းကိရိယာများအခြေအနေ -

(က) အသံချဲ့စက် အမျိုးအစား ----------------------------------------

(Amplifire) ထုတ်လုပ်သည့်ကုမ္ပဏီ ----------------------------------------

ထုတ်လုပ်သည့်နိုင်ငံ ----------------------------------------

စက်ပုံစံအမှတ် ----------------------------------------

စက်အမှတ်စဉ် ----------------------------------------

ဝယ်ယူသည့်နေ့စွဲ ----------------------------------------

(ခ) အသုံးပြုသည့်စပီကာများ (Speaker) -

(၁) -------------- ဝပ်အားယူနစ် ------------ လုံး၊

(၂) -------------- ဝပ်အားစပီကာ ------------ လုံး၊

(ဂ) ဇာတ်ခုံအနေအထား -

(၁) ဇာတ်ခုံအလျား၊ ------------ အနံ ------------

(၂) ဇာတ်ခုံအမြင့် ---------------------------------

(ဃ) ဇာတ်ရုံသန့်ရှင်းသပ်ရပ်မှု -

(င) လေအေးစက်၊ လေထုတ်စက်များ၊ ပန်ကာများ -

(၁) အရေအတွက် -------------------

(၂) အမျိုးအစား -------------------

(စ) မီးသတ်ကိရိယာများအခြေအနေ -

(၁) မီးသတ်ပုံးအရေအတွက် ---------------------------------------------------

(၂) မီးသတ်ဘူး (အမျိုးအစား/အရေအတွက်) ----------------------------------

(၃)     မီးသတ်ဦးစီးဌာနကသတ်မှတ်ချက်များ -------------------------------------

၁၀။     သဘောထားမှတ်ချက်

ဦးစီးဌာနမှူး

တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

ပုံစံ (ဇာတ်ရုံ-၄)

## ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်း တင်ပြစာ

(နည်းဥပဒေ - ၄)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန**

**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

သို့

ဥက္ကဋ္ဌ

တိုင်းဒေသကြီးဇာတ်ရုံဆိုင်ရာစိစစ်ကြီးကြပ်ရေးကော်မတီ

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ၊ ရက်

အကြောင်းအရာ။ ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်း လိုင်စင်လျှောက်ထားခြင်းကို စိစစ်တင်ပြခြင်း။

မန္တလေးတိုင်းဒေသကြီး၊ ------------ ခရိုင်၊ ------------------ မြို့နယ် ----------- လမ်း၊ အမှတ် -------------- နေ ဦး/ဒေါ် ------------------၏ ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင်အတွက် လျှောက်ထားခြင်းကို အောက်ပါအတိုင်း စိစစ်တင်ပြပါသည် -

၁။ လျှောက်ထားသူအမည် ----------------------------------------------

၂။ အမျိုးသားမှတ်ပုံတင်အမှတ် ----------------------------------------------

(နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်) ----------------------------------------------

၃။ မွေးသက္ကရာဇ် ----------------------------------------------

၄။ အဖအမည် ----------------------------------------------

အမျိုးသားအမှတ်ပုံတင်အမှတ်/

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------

၅။ အမိအမည် ---------------------------------------------

အမျိုးသားမှတ်ပုံတင်အမှတ်/

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------

၆။ နေရပ်လိပ်စာ ---------------------------------------------

၁၀။ သဘောထားမှတ်ချက် ---------------------------------------------

ဦးစီးဌာနမှူး

တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

**ပုံစံ (ဇာတ်ရုံ-၅)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန**

**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

ဇာတ်ရုံလိုင်စင်

နည်းဥပဒေ ၁၀

ဇာတ်ရုံလိုင်စင်အမှတ်၊ ----------------------------

ရက်စွဲ ၊ ၂၀ ခုနှစ် ၊ လ၊ ရက်

၁။ မန္တလေးတိုင်းဒေသကြီး၊ ------------ခရိုင်၊ ------------------ မြို့နယ် ------------ရပ်ကွက်၊ --------- လမ်း၊ အမှတ် --------- နေ ဦး/ဒေါ် --------(မှတ်ပုံတင်အမှတ် ---------------------)အား မန္တလေးတိုင်းဒေသကြီး -------------- ခရိုင်၊ --------------------- မြို့နယ်၊ -------------------- ရပ်ကွက်တွင် တည်ရှိသည့် -------------------- ဇာတ်ရုံသည် အများပြည်သူများကို ဖျော်ဖြေပေးရန်အတွက် ဤဇာတ်ရုံလိုင်စင်ထုတ်ပေးလိုက်သည်။

၂။ ဇာတ်ရုံလိုင်စင်ရရှိသူသည် ပူးတွဲပါလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

၃။ ဤဇာတ်ရုံလိုင်စင်သည် ခုနှစ်၊ လ၊ ရက်နေ့မှ ခုနှစ်၊ လ၊ ရက်နေ့ အထိ အတည်ဖြစ်သည်။

ဥက္ကဋ္ဌ

တိုင်းဒေသကြီးဇာတ်ရုံဆိုင်ရာစိစစ်ကြီးကြပ်ရေးကော်မတီ

ဇာတ်ရုံလိုင်စင်တွင် ပူးတွဲပါစည်းကမ်းချက်များ

၁။ ဇာတ်ရုံလိုင်စင်တွင် ဖော်ပြထားသောနေရာတွင်သာ တည်ဆောက်ရမည်။

၂။ ဇာတ်ရုံအတွင်း လောင်းကစားလုပ်ငန်းများနှင့် အခြားတရားဥပဒေနှင့် ညီညွတ်ခြင်းမရှိသော လုပ်ငန်းများဆောင်ရွက်လုပ်ကိုင်စေခြင်း မပြုရ။

၃။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကဖြစ်စေ၊ ကော်မတီကဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို လိုက်နာရမည်။

**ပုံစံ (ဓာတ်ရုံ-၆)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန**

**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

ယာယီဓာတ်ရုံ၊ ဓာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင်

နည်းဥပဒေ ၁၀

လုပ်ငန်းလိုင်စင်အမှတ်၊ --------------------------

ရက်စွဲ ၊ ၂၀ ခုနှစ် ၊ လ၊ ရက်

၁။ မန္တလေးတိုင်းဒေသကြီး၊ ------------ ခရိုင်၊ ------------------ မြို့နယ် ----------ရပ်ကွက်၊-------- လမ်း၊ အမှတ် -------- နေ ဦး/ဒေါ် ---------- (နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -------------------------)အား --------------------------- အမည်ဖြင့် ယာယီဓာတ်ရုံဓာတ်ခုံ ဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင်ကို ထုတ်ပေးလိုက်သည်။

၂။ ဓာတ်ရုံဓာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်ရရှိသူသည် ပူးတွဲပါလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

၃။ ဤယာယီဓာတ်ရုံ ဓာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်သည် ခုနှစ်၊ လ၊ ရက်နေ့မှစ၍ ခုနှစ်၊ လ ရက်နေ့အထိ အတည်ဖြစ်သည်။

ဥက္ကဋ္ဌ

တိုင်းဒေသကြီးဓာတ်ရုံဆိုင်ရာစိစစ်ကြီးကြပ်ရေးကော်မတီ

ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင်တွင် ပူးတွဲပါ စည်းကမ်းချက်များ

၁။ ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်ကို အခြားသူတစ်ဦး တစ်ယောက်အား လွှဲပြောင်းပေးခြင်း၊ လုပ်ကိုင်စခြေင်းမပြုရ။

၂။ ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခြင်းလုပ်ငန်းမှအပ အခြားလုပ်ငန်းများသို့ လွှဲပြောင်းလုပ်ကိုင်လိုခြင်းမပြုရ။

၃။ ဤလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုခြင်းမရှိလျှင် မိမိလုပ်ငန်းလိုင်စင်ကို တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကဖြစ်စေ၊ ကော်မတီကဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းများကို လိုက်နာရမည်။

ပုံစံ (ဓာတ်ရုံ-၇)

## ဓာတ်ရုံလိုင်စင်သက်တမ်းတိုးမြှင့်ရန်လျှောက်လွှာ

**(နည်းဥပဒေ - ၁၃)**

သို့

ဒုတိယညွှန်ကြားရေးမှူး

တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ၊ ရက်

အကြောင်းအရာ။ **ဓာတ်ရုံလိုင်စင်သက်တမ်းတိုးမြှင့်ခွင့်လျှောက်ထားခြင်း။**

လေးစားစွာလျှောက်ထားအပ်ပါသည်။

၁။ ကျွန်တော်/ကျွန်မ ဦး/ဒေါ် --------------------------------- အား မန္တလေးတိုင်းဒေသကြီး၊ -------------------- ခရိုင်၊ -------------------- မြို့နယ်၊ -------------------- ရပ်ကွက်ရှိ --------------------- ဓာတ်ရုံကို အများပြည်သူတို့အား ဖျော်ဖြေမှုပေးရန်အတွက် ဓာတ်ရုံလိုင်စင်အမှတ် - / ---------------- ဖြင့် ထုတ်ပေးခဲ့ရာ -------------------- ရက်နေ့တွင် သက်တမ်းကုန်ဆုံး မည်ဖြစ်ပါ၍ အဆိုပါဓာတ်ရုံလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါသောကြောင့် ဓာတ်ရုံလိုင်စင်သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၂။ လိုအပ်သောအချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) လျှောက်ထားသူအမည် ----------------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------------

(ဂ) နေရပ်လိပ်စာ ----------------------------------------------

(ဃ) လုပ်ငန်းတည်ရာလိပ်စာ ----------------------------------------------

(င) လိုင်စင်သက်တမ်း ----------------------------------------------

ထိုးမြဲလက်မှတ် --------------------------

လျှောက်ထားသူအမည် --------------------

ပူးတွဲတင်ပြသောစာရွက်စာတမ်းများ

၁။ ဓာတ်ရုံလိုင်စင်

၂။ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၃။ သက်ဆိုင်ရာမြို့နယ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝင်ငွေခွန်စည်းကြပ်မှုနှင့် ပတ်သက်သည့် ထောက်ခံချက်မိတ္တူ

**ပုံစံ (ဇာတ်ရုံ-၈)**

**ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့်လုပ်ငန်းလိုင်စင် သက်တမ်း တိုးမြှင့်ပေးရန်လျှောက်လွှာ**

**(နည်းဥပဒေ - ၁၃)**

သို့

ဒုတိယညွှန်ကြားရေးမှူး

တိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ၊ ရက်

အကြောင်းအရာ။ **ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်း**

လေးစားစွာလျှောက်ထားအပ်ပါသည်။

၁။ ကျွန်တော်/ကျွန်မ ဦး/ဒေါ် -------------------------------- သည် -------------------- သည် အမည်ဖြင့် ယာယီဇာတ်ရုံ၊ ဇာတ်ခုံဆောက်လုပ်ခွင့် လုပ်ငန်းလိုင်စင်အမှတ် ------------------ ---- ကိုရရှိခဲ့ရာ --------------- ရက်နေ့တွင် လုပ်ငန်းလိုင်စင်သက်တမ်းကုန်ဆုံးမည်ဖြစ်ပါ၍ အဆိုပါလုပ်ငန်းကို သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၂။ လိုအပ်သောအချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) လျှောက်ထားသူအမည် ----------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

(ဂ) နေရပ်လိပ်စာ ----------------------------------------

(ဃ) ဆက်သွယ်ရန်တယ်လီဖုန်း ----------------------------------------

(င) လိုင်စင်သက်တမ်း ----------------------------------------

ထိုးမြဲလက်မှတ် --------------------------

လျှောက်ထားသူအမည် --------------------

ပူးတွဲတင်ပြသောစာရွက်စာတမ်းများ

၁။ လုပ်ငန်းလိုင်စင်

၂။ တိုင်းဒေသကြီး သို့မဟုတ် မြို့နယ်သဘင်အစည်းအရုံး၏ သဘောထားမှတ်ချက်။

၃။ ရပ်ကွက်အုပ်ချုပ်ရေးမှူး။